# သောင်းဝေဦး

## နမ့်မယောင်းမှသည်ဧရာဝတီ





စာရေးသူ

# စာရေးသူ၏အမှာ

ကျွန်တော်သည် ဖြစ်ရပ်မှန် စစ်မှတ်တမ်းများနှင့် စာရေးသူဖြစ်လာခဲ့သူပါ။

သို့ရာတွင် စာပေလောကကို ဝင်ရောက်စဉ်က ကျွန်တော်၏ပထမဆုံး ဝတ္ထုတိုကလေးမှာ "ချစ်၍ခေါ်သည် လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့်" အမည်ရ သိင်္ဂါရ ရသဝတ္ထုကလေးဖြစ်ပါသည်။

ထိုဝတ္ထုတိုလေးမှာ ကျွန်တော်၏ First Love နှင့် လွဲခဲ့ရသည့် တကယ့်ဖြစ်ရပ်မှန်ဝတ္ထုကလေးဖြစ်ပါ၏။ အသက် ၅၀ လောက်က ရေးခဲ့ခြင်းဖြစ်၏။ ထိုစဉ်က ချစ်လို့ကောင်းတုန်း၊ လွမ်းလို့ကောင်းတုန်း။ နေရတာကလည်း တကယ့်ရှေ့တန်း၊ လူမနီး သူမနီး တောကြီးမျက်မည်းထဲမှာ။ အချိန်တွေပိုနေ၏။ ကိုယ့်ဘေးမှာ ရဲဘော်တွေကလည်း ငှက်ဖျားနဲ့ တဖြုတ်ဖြုတ် သေနေကြသည်။ ကြံရာမရဖြစ်သဖြင့် စာထိုင်ရေးကြည့်သည်။ စာရေးဖို့ ဗိုလ်ပေါက်စကလေးဘဝကပင် ကြိုးစားကြည့်ခဲ့သည်။ ဒုဗိုလ်မှသည် ဒုဗိုလ်မှူးကြီးအထိ စာတွေရေးသားသည်။ အားတဲ့အခါ လူတကာကို လိုက်ပြသည်။ ဘယ်သူမှ အားမပေးပါခင်ဗျာ။ ဝါရင့်စာရေးဆရာကြီးများကတော့ ကျွန်တော့်စာတွေ ဖတ်ကြည့်ပြီး ရယ်သွမ်းသွေးကြ၏။

ဒေါက်တာချစ်စံဝင်းတို့၊ အကယ်ဒမီ အောင်ကျည်ထွဏ်းတို့ ထိပ်ကပေါ့ခင်ဗျာ။

၁၉၉၂ တွင် ကျွန်တော်ဗျူဟာမှူးဖြစ်လာသည်။ အဆင့်က ဗိုလ်မှူးကြီး။ ထိုအခါတွင်တော့ ရှေ့တန်းမှာ စာတွေရေးပြီး ဘယ်သူ့မှမပြတော့။ လေးငါးဆယ်ပုဒ်ရေးပြီး မြဝတီနှင့် ငွေတာရီမဂ္ဂဇင်းတိုက်များသို့ လူကိုယ်တိုင်သွားရောက်ကာ အယ်ဒီတာတွေနဲ့တွေ့ပြီး ရေးပြီးသားဝတ္ထုများကို အပ်ခဲ့၏။

ထိုစဉ်က တာဝန်ရှိ အယ်ဒီတာများဖြစ်သည့် ဆရာကောက်လှိုင်းတို့ ရေနံ့မြေ မောင်မောင်ကြည်တို့က စာမူတွေ ယူဖတ်ကြည့်ကြ၏။

"ဗိုလ်မှူးကြီးရေ၊ ဒါလောက်ဆို ဖြစ်ပါပြီ။ ထားခဲ့ဗျာ။ ကျွန်တော်တို့ သုံးပေးမယ်" ဆို၍ ကျွန်တော့်ဝတ္ထုအားလုံးကို ယူထားလိုက်ကြ၏။

ပထမဆုံး ၁၉၉၅ ခု ဇန်နဝါရီလထုတ် ငွေတာရီတွင် ကျွန်တော်၏ "ချစ်၍ခေါ်သည် လိုက်တော်မူခဲ့ မပျောင်းနွဲ့နှင့်" ဝတ္ထုတိုကလေး စပါလာ၏။

ထိုဝတ္ထုကလေးမှာ ပြောရမယ်ဆိုက ၁၈ ရက်ကြီးများတောင် ရေးရပါသည်။ ရေးလိုက် ပြန်ဖျက်လိုက် ရေးလိုက် ပြန်ဖျက်လိုက်နှင့် အချိန် ၂ ပတ်ကျော် ကြာသွား၏။ ခံစားချက်အမှန်၊ ဖြစ်ရပ်မှန်ဖြစ်၍ အတော်တော့ Emotional ဖြစ်ခဲ့ပါသည်။ ဒီဝတ္ထုကလေးကြောင့် ဇနီးသည်၏ အငြိုအငြင်လည်း ခံလိုက်ရ၏။

ထိုဝတ္ထုကလေး ပါလာပြီးနောက် မြဝတီ၊ ငွေတာရီ၊ စစ်ပြန် မဂ္ဂဇင်းများတွင် ကျွန်တော့်ဝတ္ထုတွေ ဆက်တိုက်ပါလာ၏။

၁၉၉၅ ခုနှစ် နှစ်ကုန်တွင် ရန်ကုန်ပြောင်းရသည်။

Y.C.D.C မှာ တာဝန်ထမ်းဆောင်ရ၏။

စာတွေကို ရေးဖြစ်လာသည်။

Y.C.D.C မှာ အနုပညာဌာနကို ကိုင်ရသဖြင့် ပြင်ပစာပေလောကနှင့်ပါ အဆက်အသွယ်ရှိလာ၏။

ကျွန်တော့်ညီအစ်ကိုတစ်တွေကလည်း လှိုင်ဝှက်ဆန်းကြယ်မဂ္ဂဇင်းကို ထုတ်ဝေကြရာ ကျွန်တော့်အား စစ်စာပေများ၊ ဖြစ်ရပ်မှန် စစ်မှတ်တမ်းများ ရေးပေးရန် တောင်းဆိုကြသဖြင့် "သေကံမရောက် သက်မပျောက်"၊ "စစ်သားဘဝ အမှတ်တရများ" စသည့် အခန်းဆက် ဖြစ်ရပ်မှန် စစ်မှတ်တမ်းများ ရေးဖြစ်ပါတော့သည်။ ထိုစစ်မှတ်တမ်းများဖြင့် သောင်းဝေဦးဖြစ်လာခဲ့၏။

စစ်မှတ်တမ်းများရေးရာမှ ကြိုကြားကြိုကြား အချစ်ဝတ္ထုကလေးများ ရေးကြည့်ပါသည်။ စစ်က အချစ်ထက် လက်ဖောင်းထက်နေ၏။ ပရိသတ်က ကျွန်တော့်စစ်ကို ကျွန်တော့်အချစ်ထက် ပိုလက်ခံကြသည်။

သို့ရာတွင် အချစ်ကလေးလည်း နည်းနည်းပါးပါး ရေးဖြစ်၏။

ကျွန်တော့်ပတ်ဝန်းကျင်က ဖြစ်ရပ်မှန်အချစ်များသာ ဖြစ်ပါသည်။ တစ်ခါတစ်ခါတွင်တော့ ကျွန်တော်သည် ထိုဝတ္ထုများ၌ အဓိကဇာတ်ကောင်၊ ဇာတ်ဆောင်ဖြစ်၏။ တစ်ခါတစ်ရံတော့ ဇာတ်ရံပေါ့ခင်ဗျာ။

ယခု စာအုပ် ၇၀ ကျော် ရေးခဲ့ပြီးပြီ။ ထုတ်ဝေခဲ့ပြီးပြီ။

အချစ်ဝတ္ထုက သုံးလေးအုပ်သာ ထုတ်နိုင်ခဲ့၏။

စာအုပ် ၇၀ တွင် အသက်ကလည်း ၇၀ ရှိပါပြီ။

သိပ်ပြီး အချစ်တွေ၊ သိင်္ဂါရ ရသတွေ၊ သမုဒယတွေ၊ အနုအလှတွေ

မရတော့ပါ။

သို့ရာတွင် လုပ်နိုင်ရင် လုပ်ပါဦး ဟု နီးစပ်သည့်မိတ်ဆွေများက ဆိုကြသည်။ မရတော့ပါ ခင်ဗျာ။ အချစ်တွေ ကုန်ပါပြီ။ ဇရာက ထောင်းနေပြီထင်၏။

ဒါပေမဲ့ အဲ . . . ဒါပေမဲ့ပေါ့ခင်ဗျာ။

ဟိုတုန်းက ခပ်ကြမ်းကြမ်းလေးချစ်ထားပြီး စာပေစိစစ်ရေးက ခွင့်မပြုလို့ သိမ်းထားရတဲ့ ကျွန်တော့်ဖြစ်ရပ်မှန် အချစ်မှတ်တမ်းလေးများကို သိမ်းထားရာမှ ပြန်စုလိုက်၏။ စာအုပ်တစ်အုပ်စာ ရပါသည်။ စုစည်းပြီး ကျွန်တော့်စာဖတ်ပရိသတ်တွေဆီ တင်ဆက်လိုက်ပါသည်။

ဖတ်ကြည့်ကြပါခင်ဗျာ။

ဖတ်ရင်း ဖတ်ရင်းနဲ့ ဘာကြောင့် စာပေစိစစ်ရေးက ခွင့်မပြုတာလည်းဆိုတာ သိသွားကြမှာပါ။

ကျွန်တော်က အပြင်းစား။ ကျွန်တော့် အချစ်ဝတ္ထုများကလည်း ပြင်းရှရှ။

ထို့ကြောင့် ဒီစာအုပ်ကလေးမှာ ပြင်းရှရှ သမုဒယဝတ္ထုများ စုစည်းမှုဖြစ်ပါသည်။ သမုဒယတွေချည်း ဖြစ်မှာစိုး၍ စစ်ဝတ္ထုတစ်ပုဒ်နှစ်ပုဒ်ပါ ရောစပ်ထည့်သွင်းထားပါသည်။ ဒီလိုဆိုတော့ . . . .

ချစ်ရွှင်သနား တည်ကြားကြမ်းကြုတ် စက်ဆုတ် ရဲဝံ့ ကြောက်ရွံ့ အံ့ဩ နောအရသာဖြစ်သွားတာပေါ့ခင်ဗျာ။

ဘာပဲဖြစ်ဖြစ် ဤစာအုပ်ကလေးသည်ကား ကျွန်တော်၏

ငယ်မူပြန်လက်ရာဟု ဆိုပါက မှားမည်မဟုတ်ပါ ခင်ဗျား။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**

**သောင်းဝေဦး**

၇/၆/၂၀၁၄

*


နမ့်မယောင်းမှသည်
ဧရာဝတီ

## နိဒါန်း

ကျွန်တော် စာရေးတော့ ဖြစ်ရပ်မှန် စစ်မှတ်တမ်းများနဲ့ ပရိသတ်က သတိထားမိလာကြတာပါ။ ကျွန်တော့်စာတွေမှာ ကျွန်တော့်နာမည်ရယ်၊ ကျွန်တော့်ဇနီးနာမည်ရယ်ကလွဲပြီး ကျန်တာ အကုန် အမှန်တွေချည်းပါပဲ။ ရက်စွဲ နေ့စွဲတွေ နေရာတွေလည်း အားလုံးအမှန်တွေချည်းပါ။ အတိအကျတွေပါ။

စာဖတ်ပရိသတ်က အဖြစ်အပျက်နဲ့ နေ့စွဲတွေက တိကျလှချည်လား။ ဘယ်လိုလုပ်ပြီး ဒီလိုရေးနိုင်တာလဲလို့ မကြာခဏ မေးကြပါတယ်။ သိပ်ပြီး အံ့သြစရာမဟုတ်ပါဘူး။ ကျွန်တော်က Diary မှတ်တမ်းရေးတာ ဝါသနာပါတယ်။ တက္ကသိုလ်ကျောင်းသားဘဝတုန်းကတော့ Struggle လုပ်ရတာ ခံစားရတာတွေကို ကြိုကြားကြိုကြား ရေးဖြစ်တယ်။ နေ့စဉ်တော့ မရေးခဲ့ပါဘူး။ အဲ... ၁၉၆၆ ဗိုလ်သင်တန်း စတက်ချိန်ကစပြီး Diary ရေးလာတာ ကနေ့ ဒီစာရေးနေတဲ့ အထိပါပဲ။ ဒါကြောင့် စာတွေရေးတော့မယ်ဆိုရင် နှစ်အလိုက် Diary တွေကို ပြန်ရှာပြန်လှန်ပြီး ရေးလိုက်တာပါပဲ။

အ ခု လ ည်း **"နမ့်မယောင်းမှသည် ဧရာဝတီ"** ခေါင်းစဉ်နဲ့ ဝတ္ထုဆန်ဆန် ဆောင်းပါးလေးတစ်ပုဒ်ကို Diary လှန်ပြီး ရေးသားတင်ဆက်လိုက်ပါတယ်။

နမ့်မယောင်ချောင်း ရစ်ခွေစီးဆင်းနေတဲ့ မိုင်းယောင်းမြို့ကလေးကနေပြီး ဧရာဝတီမြစ်ကြီးဘေးက မကွေးမြို့ကို

ဟိုးလွန်ခဲ့တဲ့ အနှစ်အစိတ် သုံးဆယ်လောက်က ကျွန်တော်တို့တိုက်ပွဲဝင် ရှေ့တန်းရောက်စစ်သည်များ ဘယ်နည်းဘယ်ပုံ ပြန်လာခဲ့ကြသလဲဆိုတဲ့ မြင်ကွင်းကို ကျွန်တော်ခံစားရသလို ခြယ်မှုန်းရေးသားပြမှာပါ။ အဲ... ရေးပြီးသား ကျွန်တော့် Diary ထဲကဟာကို မှီငြမ်းပြီး ပြန်လည်ဖော်ပြတာဆိုရင် ပိုမှန်မယ်ထင်ပါတယ်။

အဲဒီတုန်းက စာရေးဆရာလုပ်ဖို့လည်း သိပ်တော့ စိတ်အားမထက်သန်သေးပါဘူး။ ရှေ့တန်းမှာ အချိန်မရွေး သေသွားနိုင်လို့ စာရေးဆရာဘဝရောက်မယ်လို့လည်း မထင်ရဲခဲ့ပါဘူး။ ဒါပေမဲ့ စာရေးဆရာဗီဇလေးရဲ့ စာသံပေသံခပ်ဆန်ဆန်လေးတွေ၊ Emotional ဖြစ်တာလေးတွေ၊ Sentimental ဖြစ်တာလေးတွေ စာရှုသူများ ရိပ်ဖမ်းသံဖမ်း တွေ့မြင်ကြရလိမ့်မယ် ထင်ပါတယ်။

အခုစာဟာ ၁၉၈၃ ခုနှစ် နွေမှာ မိုင်းယောင်းကနေပြီး မကွေးပြန်ဆင်းလာခဲ့တဲ့ အမှတ် (၁) ဗမာ့သေနတ်ကိုင်တပ်ရင်း (ယခု အမှတ် ၃၀၁ ခြေမြန်တပ်ရင်း)ရဲ့ တပ်အဆင်းမှာ ကျွန်တော်ခံစားချက်ကို အဓိကထားပြီး မှတ်တမ်းတင်ထားတဲ့ Diary မှတ်တမ်းပါ။ လွန်ခဲ့တဲ့ အနှစ် အစိတ်သုံးဆယ်နီးပါးက မြင်ကွင်းမို့ အခုခေတ်နဲ့တော့ ကွာပါလိမ့်မယ်။ စာကတော့ Diary ကို အနည်းငယ် မွမ်းမံထားတာပါ။ ကဲ... မြည်းစမ်းကြည့်ပါခင်ဗျာ။

*

### ၁၉၈၃ ခု မတ်လ (၂၀) ရက်

နက်ဖြန်ခါ တပ်ပြန်ဆင်းရတော့မှာတဲ့။ တပ်ရင်းမှူးကြီးက လာခဲ့ပါဦးလို့ လှမ်းမှာတဲ့အတွက် ခေတ္တအခြေပြု မိုင်းဟန်

မိုင်းဟောကနေပြီး TE တစ်စီးနဲ့ မိုင်းယောင်းကို သွားလိုက်ရတယ်။ မိုင်းယောင်းရောက်တော့ တပ်ရင်းမှူးကြီးက _

"ဗိုလ်မှူးသက်ဦးရေ၊ နက်ဖြန်တပ်ပြန်ဆင်းပြီ။ သတင်းပေါက်မှာစိုးလို့ စက်ပေါ်ကတော့ ဘာမှမပြောတော့ဘူး။ ဒါကြောင့် ခင်ဗျားလှမ်းခေါ်လိုက်တာ။ ဗိုလ်မှူးစံနဲ့ စစ်ကြောင်း (၂) က ပွိုင့်ဗျာ။ ကျွန်တော့်စစ်ကြောင်း (၁) က နောက်၊ Rear Guard အနေနဲ့ ခင်ဗျားပိတ်ပြီး လိုက်ခဲ့ပေးပါ။ မိုင်းယောင်းက ရိက္ခာ Dumping လုပ်ပေးတဲ့ ကားအစီး ၁၀၀ ကျော် ပြန်ပါမယ်။ အလယ်က ညှပ်ပြီးခေါ်ခဲ့မယ်။ ခင်ဗျားတာဝန်က ကားတွေတစ်စီးမှ မကျန်ရအောင် စောင့်ခေါ်လာခဲ့ဖို့ပဲ"

"ဘာမေးစရာရှိသေးလဲ"

"မရှိပါဘူး ခင်ဗျာ"

ဘာမေးရမှာလဲ၊ ဒါက ထုံးစံဥစ္စာ။ နောက်ဆုံးက ပိတ်လိုက်ရသူက ကျန်ခဲ့တဲ့ ကားအားလုံးပါအောင် ခေါ်လာရတာ Convoy ရဲ့ ထုံးစံပဲ။

တပ်ရင်းမှူးကြီးပြောသမျှ နာခံပြီး မြို့လယ်ဘုန်းကြီးကျောင်းက ပြန်ခဲ့တယ်။ တပ်ရင်းမှူးကြီးရဲ့ စစ်ကြောင်း (၁) ဌာနချုပ်က မြို့လယ်ဘုန်းကြီးကျောင်းမှာ အခြေပြုထားတာလေ။

အပြန်တော့ မနန်းပန်ကို ဝင်တွေ့ဖြစ်တယ်။

"အစ်ကို ဗိုလ်မှူးတို့ ပြန်ကြတော့မလို့ဆို"

"မနန်းပန်ကို ဘယ်သူပြောတာလဲ"

"မြို့ထဲလာတဲ့ ကားသမားတွေက ပြောတာလေ"

“ဟုတ်လား မိုလ်မှူး”

သူမ အမေးကို မဖြေဖြစ်ပါ။ ဖြေလည်း မဖြေလိုပါ။

“ပြန်လိုက်ချင်လို့လား”

သူမက ခေါင်းညိတ်ပြတယ်။

“နက်ဖြန် မိုင်းဟန်ကနေပြီး စောင့်နေမယ်။ ဒီက စောစောထွက်ခဲ့။ ကိုယ်နဲ့အတူ ပြန်လိုက်ပေ့ါ”

မနန်းပန်ကို ဒီလိုမှာခဲ့တယ်။ မနန်းပန်နဲ့က မိုင်းယောင်းပွဲမှာ တွေ့ကြတာ။ အသားညိုညိုညက်ညက်နဲ့ ချစ်စရာတောင်ပေါ်သူလေး။ ဒါပေမဲ့ ကိုယ်က လူပျိုလူလွတ်မဟုတ်တော့ သာမန်ထက် ပိုသွားလို့မရဘူးလေ။ သူမမျက်နှာကို ကြည့်ပြီး မျက်လုံးတွေကို အကဲခတ်လိုက်တော့ ခွဲရမှာ စိတ်မကောင်းတဲ့ပုံ ပေါ်နေတယ်။

ဟို အဆိုတော်ကြီးစန္ဒယားချစ်ဆွေရဲ့ “ချစ်အားငယ်ရသူ” သီချင်းထဲကလိုလို့ ဆိုရမှာပါပဲ။

“နှစ်ယောက်သားမှာကွယ် . . . သိနားလည်ရက်ကယ်နဲ့ . . . ဟန်ဆောင်နေကြရတဲ့ . . . အဖြစ်ရယ် . . .တကယ်တော့ ပင်ပန်းလှပါတယ် . . . ဒါကလဲ တစ်ဦးကိုတစ်ဦးကရယ် . . . ပန်းလိုလှစေချင်တဲ့ . . . ဆန္ဒနဲ့ကွယ် . . . ယုယညှာတာ . . . အစစထောက်ထား . . . မဖောက်ပြားဘဲ နေလာခဲ့တယ် . . .”

ဟုတ်ပါတယ်။ ကိုယ်က အိမ်ထောင်သည် စစ်သားဗမာ။ သူက အပျိုတိုင်းရင်းသူ။ ဘယ်လိုမှ ကြေးရွှေ ဂဟေမဆက်လေသို့ ဆိုတဲ့စကားအတိုင်း မဖောက်ပြားဘဲ အလှကြည့်ရုံသက်သက်ပဲ နေခဲ့ရပါတယ်။ ဒါပေမဲ့ သွေးသားတက်ကြွနေတဲ့ ဖိုနဲ့မ သံယောဇဉ်က

အခက်သားလားခင်ဗျာ။

မိုင်းဟန်ပြန်ရောက်တော့ တပ်ခွဲက အရာရှိအရာခံ အကြပ်တပ်သားတွေကို ပြန်တော့မယ့်အကြောင်း Briefing ပေးလိုက်ရတယ်။ အားလုံးကတော့ စစ်မြေမှာ ကြာညောင်းရက်ရှည်ပြီမို့ ပြန်ရမယ်ဆိုတော့ ပျော်လို့ ရွှင်လို့။ ကျွန်တော်လည်း ပျော်ပါတယ်လေ။

*

## ၁၉၈၃ ခု မတ်လ (၂၁) ရက်

မနက်စောစောအိပ်ရာကထပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ထားတယ်။ လမ်းလုံခြုံရေးလည်း စိနေအောင် ယူထားပြီးပြီ။

မနန်းပန်ကို မျှော်သေးတယ်။ ပေါ်မလာပါလား။ သူ့အဖော်တွေ ခေါ်မရလို့ ထင်ပါရဲ့။ မိုင်းယောင်းနဲ့ မိုင်းဟန်မိုင်းဟောကလည်း ခြေလျင်လျှောက်ရရင် အဝေးသား။ သိပ်မသက်သာဘူး။

မနက်ရှစ်နာရီလောက်မှာ ဗိုလ်မှူးသောင်းတင်ရဲ့ ပွိုင့်အဖွဲ့ကားတွေ မိုင်းဟန်မိုင်းဟောကို စဖြတ်ကြတယ်။ ဗိုလ်မှူးသောင်းတင်က ကျွန်တော်နဲ့ ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်း ညီအစ်ကိုအရင်းနှစ်ယောက်လုံး ဗိုလ်လောင်းသင်တန်းအပတ်စဉ် (၃၆) ကို ဝင်လာကြတာ။ သူ့ညီက သိန်းဆွေတဲ့။ အားဖွိုးလို့လည်း ခေါ်တယ်။ တစ်ငါးလုံး သိန်းဆွေလို့လည်းခေါ်တယ်။ တစ်ငါးလုံးဆိုတာကတော့ သူ့ဘီစီက ၁၁၁၁၁ တစ်ငါးလုံးမို့ပါ။ လက်ဖတင်နင်ဘဝမှာ ဗကပနဲ့ တိုက်ရင်း ကျမလို ကျမလို ခဏခဏ ဖြစ်ခဲ့ဖူးတယ်။ အခု မိုင်းယောင်းမှာတောင် ကံကောင်းလို့။

ကံသိပ်မကောင်းတဲ့သူတွေကတော့ ပြတ်တဲ့သူပြတ်၊ သေတဲ့သူသေပေါ့။ ကျွန်တော်လည်း ဘာထူးလဲ။ သေနိုင်တာပဲ။ သေကိန်းအကြိမ်ကြိမ် ကြုံတာပဲ။ မသေတာကံပေါ့။

နေ့လယ်လောက်ရောက်တော့ တပ်ရင်းမှူးကြီးရဲ့စစ်ကြောင်း (၁) နဲ့ ရိက္ခာလာပို့တဲ့ကားတွေ ဖြတ်ကြတယ်။ စစ်ကြောင်း(၁) မှာ ရေးထောက်အရာရှိ ဗိုလ်မြတ်သာက မိုင်းယောင်းသူ နန်းကိုင်စွမ်းကို ယူလာပြီး ကားခေါင်းထဲထည့်ခေါ်လာတာ တွေ့ရတော့ ပြုံးမိတယ်။ ကျွန်တော်တို့တပ်က အရာရှိတွေနဲ့ရတာ မိုင်းယောင်းသူလေးတွေ ကံကောင်းပါတယ်။ ဗိုလ်မှူးသောင်းတင်ရဲ့တပ်ခွဲက တပ်စုမှူး ဗိုလ်ခင်မောင်ဆွေကလည်း မိုင်းယောင်းသူ ဖြူဖြူဖွေးဖွေး ရေဆေးငါးတစ်ယောက်ကို ခေါ်လာတယ်။ သူက မနေ့တစ်နေ့ကမှ မင်္ဂလာဆောင်တာ။ စစ်သားဆိုတာလည်း ဒီလိုပဲ။ တာဝန်ကျရာဒေသတွေက တိုင်းရင်းသူတွေနဲ့ အကြောင်းပါတတ်ကြတာ အဆန်းမှမဟုတ်ဘဲ။ ကိုယ်တောင် ကရင်ပြည်နယ်မှာ တာဝန်စကျပြီး ကရင်မနဲ့ ရခဲ့တာပဲလေ။

နေ့လယ်တစ်ချက်တီးမှ မိုင်းဟန်က ထွက်ရတယ်။ Rear Guard မှာ Brake down အဖွဲ့နဲ့ အားလုံး T.E ငါးစီးပါတယ်။ မိုင်းဖြတ်ရောက်တော့ သူ့စောင့် ငါ့စောင့်နဲ့ စမှောင်ပြီ။

“ဗိုလ်မှူးသက်ဦးရေ။ တာချီလိတ်က ကားအစီး ၅၀ လောက် လာပေါင်းဖို့ရှိတယ်။ စောင့်ခေါ်ခဲ့ဗျာ”

တပ်ရင်းမှူးကြီးက R.T နဲ့ လှမ်းပြောလို့ မိုင်းဖြတ်မှာ ညမှောင်တဲ့အထိ ကားတွေနဲ့ အတော်စောင့်ရတယ်။ ည ၁၀ နာရီလောက်မှာ တာချီလိတ်ကားတွေစုံလို့ ဆက်ထွက်ဖြစ်တယ်။ RTC

က ကားအပြာတွေချည်းပါပဲ။ တင်လာလိုက်ကြတဲ့ ကုန်ပစ္စည်းတွေက အပြည့်အသိပ်။ ကားအမိုးကိုင်းတောင် ကျော်ရော။ တင်လာတာတွေက ထုံးစံအတိုင်း ထိုင်းနိုင်ငံလုပ် ကုန်ပစ္စည်းတွေပါပဲ။ လူသုံး အိမ်သုံးပစ္စည်းတွေ။

မိုင်းဖြတ်မှာ ညစာစားတယ်။ တပည့်ကျော်တွေက ဆရာအကြောင်းသိတော့ လက်ကျန်အာမီရမ်ပုလင်း ဖွင့်ပေးကြတယ်။ တာချီလိတ်ကလာတဲ့ RTC ကားဆရာတွေကလည်း အလိုက်တသိ ကလော်စတာ ဘီယာပုလင်းတွေ လာပို့ကြတယ်။ အာမီရမ်မူးမူး၊ ဘီယာမူးမူးနဲ့ မနန်းပန်ကို မျှော်မိသေးတယ်။

"မနန်းပန်ရှေ့က ကားတွေနဲ့ ပါသွားပြီ ဗိုင်မှူး"

အလွန်အကင်းပါးတဲ့ တပည့်ကျော် တင်အောင်နဲ့ဆရာရွှေအေးတို့က သတင်းပို့ကြမှ မနန်းပန်တစ်ယောက် ရှေ့မှာပါသွားကြောင်း သိရတော့တယ်။ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့လေလို့ ဖြေရပါတယ်။ တွေ့တော့ အတွေ့ချင်သား။

အဲဒီညက ည ၁၂ နာရီထိုးတဲ့အထိ တစ်လမ်းလုံး ဘီယာတစ်လုံးပြီး တစ်လုံးသောက်ခဲ့တယ်။ ထမင်းတောင် ကောင်းကောင်းမစားနိုင်ဘူး။

*

## ၁၉၈၃ ခု မတ်လ (၂၂) ရက်

ညသန်းခေါင်လောက်မှာ မိုင်းဖြတ်ကထွက်ပြီး မနက်သုံးနာရီလောက်မှ ကျိုင်းတုံရောက်တယ်။ ပန်ဟုန်းနောင်နွမ်းမှာ တပ်ရင်းမှူးကြီးက စိတ်ပူလို့ ဓာတ်မီးတစ်လက်နဲ့ လမ်းဘေးမှာ မတ်တတ်ရပ်ကြီး ရပ်ပြီး စောင့်နေတယ်။

"ကျွန်တော် ရောက်ပါပြီ တပ်ရင်းမှူး။ ကားတွေ အားလုံးစုံပါတယ်" လို့ သတင်းပို့တော့ –

"အေးဗျာ။ ခင်ဗျားစိတ်ပူနေလို့ ကျွန်တော် အိပ်တောင်မပျော်ဘူးဗျာ။ ကဲ နား . . . နား"

လို့ မုဒိတာ စကားပြောရှာပါတယ်။

တပ်ရပ်မှူးကြီးက နားပါဆိုပေမယ့် မနားနိုင်သေးပါဘူး။ သွားစရာရှိသေးတယ်။ တပ်ခွဲနေရာချပြီး သွားစရာရှိတဲ့နေရာကို သွားခဲ့တယ်။ T.E ကားဆရာကို လိုက်ပို့ခိုင်းရတယ်။ ကျိုင်းတုံလေယာဉ်ကွင်း အထွက် ဓမ္မောဒယနားက အိမ်အစုလေး။ ဟို အရှေ့ဘက်တောင်တွေပေါ်က ဆင်းလာတဲ့ တောင်ပေါ် ရှမ်းတွေနေတဲ့ ရပ်ကွက်လေ။ တောင်ပေါ်မှာ အသူရာလို့ခေါ်တဲ့ ဗကပတွေကြောင့် ပြေးလာကြတာ။

"ဟော့ . . . မနန်းပန်"

သက်ကယ်အိမ်လေးက တံခါးကို တွန်းပြီး နှိုးတော့ အိပ်စုံမှုံမွှားနဲ့ တိုင်းရင်းသူ အဝတ်အစား ကပိုကရိုနဲ့ မနန်းပန် အိပ်ရာက ထလာပါရောလား။ လက်ထဲမှာလည်း ရေနံဆီ မီးခွက်ကလေးကိုင်လို့။

"ဟယ် . . . ဗိုလ်မှူးတစ်ယောက်တည်းလား"

"အင်း"

"အထဲဝင်လေ"

သူ့ခမျာ ညကြီးမင်းကြီး တုန်တုန်ရီရီနဲ့ ကိုယ့်တွေ့တော့ ဝမ်းတွေသာလို့။ သူ့အဖေနဲ့ သူ့ညီမလေးကလည်း တအံ့တသြနဲ့ ထကြည့်ကြတယ်။ မီးဖိုဘေးမှာ စကားတွေပြောမကုန်ဘူး။ တစ်ညလုံး

တစ်ရေးမှလည်း မအိပ်ရသေး၊ လူကလည်း ခရီးမိုင် ၁၀၀ ကျော်၊ ကားအစီး ၇၀ ကျော် ကွပ်ကဲခဲ့ရလို့ မောပန်းနွမ်းလျနေပြီ။ အိပ်ငိုက်နေပြီ။ စကားတောင် သိပ်မပြောနိုင်တော့ဘူး။

"ဗိုလ်မှူး အိပ်မလား"

မနန်းပန်က အလိုက်တသိ မီးဖိုဘေးမှာ အိပ်ရာပြင်ပေးတာနဲ့ ခဏလှဲလိုက်တာ မှေးခနဲ ပျော်သွားပါရောလား။

ဖျတ်ခနဲ နိုးလာတော့ မိုးလင်းစပြုနေပြီ။

"အီးပေါ့ မနန်းပန်၊ ကွာတီနိုင်"

"အဖေ၊ မနန်းပန် ဘယ်သွားလဲဟင်"

"ကွာကက်"

"ဈေးသွားတယ်"

"ဟောင်းမ်ကွာနော်"

"ကျွန်တော်လည်း သွားတော့မယ်နော်"

ဒီလို နှုတ်ဆက်ပြီး သူတို့ တဲအိမ်လေးကနေ ဈေးကိုထွက်ခဲ့တယ်။ ဈေးမှာ မနန်းပန်နဲ့ ပြန်တွေ့လို တွေ့ငြားပေါ့။

ဈေးမြောက်ဘက်ရပ်ကွက်က တရုတ်အိမ်ကြီးတွေများတယ်။ အုတ်တံတိုင်းအမြင့်ကြီးတွေနဲ့ အိမ်ခြံဝင်းကြီးတစ်ခုရှေ့အဖြတ် ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ ခွေးဆယ့်လေးငါးကောင်က ကိုက်မယ်၊ ခဲမယ် တကဲကဲနဲ့။ ဟောင်လိုက် ဟိန်းလိုက် လာလုပ်တယ်။ အကြီးဆုံး အင်းခွေးအထီးကြီးကတော့ သူများထက်ကဲပြီး တဟဲဟဲ လုပ်နေရာကနေ လူကို တကယ်ပဲ ခုန်အုပ်လိုက်တယ်။

"ဟိုက် . . . တကယ်လုပ်ပြီဟော့"

သက်ဦးဆိုတဲ့ကောင်ကလည်း သိပ်ညံ့တဲ့ကောင်တော့ မဟုတ်ပါဘူး။ ခွေးတွေ ဝိုင်းလာကတည်းက ခါးမှာပါလာတဲ့ ပစ္စတိုကို ကိုင်ထားပြီးသား။ အသင့်မောင်းတင်ထားပြီးသား။ အင်းခွေးကြီးကလည်း ခုန်အုပ်လိုက်ရော အသင့်မောင်းတင်ပြီး ကိုင်ထားတဲ့ ပစ္စတိုနဲ့ ဒိုင်းခနဲ ဒိုင်းခနဲ နှစ်ချက်ဆင့်ပစ်လိုက်တယ်။ အင်းခွေးကြီးလည်း ချာချာလည်ပြီး သွေးတွေ ဒလဟော ပန်းထွက်ပြီး သေကျန်ခဲ့ပါလေရော။ ကျန်တဲ့ခွေးတွေကတော့ ခေါင်းဆောင်ကြီး ကျဆုံးသွားတာလည်းမြင်ရော ပြေးကုန်ကြပါတော့တယ်။ ကိုယ်လည်း အဲဒီနေရာက အပြေးကလေးထွက်ခဲ့ရတယ်။ ဈေးရောက်တော့ မိုးစင်စင်လင်းပြီ။

ဈေးထိပ်ညောင်ပင်အောက်က ကားဂိတ်မှာ ဂျစ်ကားတစ်စီးပေါ်တက်ပြီး ကားဆရာကို . . .

"ပန်ဟုန်းနောင်နွမ်း မောင်းဗျာ"

လို့ဆိုတော့ . . .

"၆၀ ကျပ် ပေးရမယ်" တဲ့။

မနန်းပန်လည်း မရှာနိုင်တော့ဘူး။ ခွေးသတ်မှုနဲ့ ပြဿနာဖြစ်မှာစိုးလို့ တပ်ကိုပဲ အမြန်ပြန်ချင်နေပြီ။

"ပေးပါ့မယ်၊ မောင်းစမ်းပါကွာ"

လို့ပြောပြီး ကျိုင်းတုံဈေးက ပန်ဟုန်းနောင်နွမ်း ပြန်ခဲ့တယ်။ တပ်ခွဲပြန်ရောက်တော့ ပိုက်ဆံပေးပြီး ကားပြန်လွှတ်လိုက်တယ်။ မနက် ၆ နာရီထိုးပြီ။ တပ်ရင်းတစ်ရင်းလုံးကတော့ ညက

လူမောစိတ်မောမို့ ကင်းသမားတွေကလွဲပြီး အားလုံး အိပ်မောကျနေလေရဲ့။

“ဗိုလ်မှူးပြန်ခဲ့ပြီလား”

“အေးကွာ”

ကင်းသမားလေးမေးတာကို ဖြေပြီး လမ်းဘေးက အသင့်ခင်းထားတဲ့ အိပ်ရာပေါ် လှဲအိပ်လိုက်တယ်။ ယူနီဖောင်းတောင် မချွတ်နိုင်ပါဘူး။ သြော် . . . မနန်းပန်ပေးတဲ့ ဒုက္ခ။

အိပ်လို့မှ မှေးခနဲ ခဏရှိသေးတယ်။

“ဗိုလ်မှူး . . . တပ်ရင်းမှူးကြီးက ခဏလာပါဦးတဲ့”

“ဟိုက် ခွေးသတ်မှုကြီးတော့ ပေါ်ပြီထင်ရဲ့”

မျက်နှာကမန်းကတမ်းသစ်ပြီး တွေ့ရတယ်။

“ဗိုလ်မှူးသက်ဦး အိပ်ရော အိပ်ရရဲ့လား”

“အိပ်ရပါတယ် ခင်ဗျာ”

“သြော် . . . အင်း . . . တော်သေးတာပေါ့”

“ခင်ဗျားမှာ ဈေးဝယ်ဖို့ ပိုက်ဆံရော ရှိသေးရဲ့လား”

“ခင်ဗျာ”

“သြော် အိမ်ပြန်ရမှာဆိုတော့ မိသားစုအတွက် ပစ္စည်းလေးဘာလေးဝယ်ဖို့ ငွေရှိလား မေးတာပါဗျာ”

“၆၀ ပဲ ကျန်ပါတယ်ခင်ဗျာ”

တကယ်ပဲ ၆၀ ပဲ ကျန်ပါတော့တယ်။ စောစောက ကားသမားပေးပြီး

ကျန်တဲ့ပိုက်ဆံလေ။ မိန်းမလိုက်ပို့တဲ့ အသက်အာမခံငွေငါးထောင်ကတော့ မိုင်းယောင်းက လမုန်းပွဲနဲ့ ဆောင်လောက်ဆိုင်များမှာ သုံးခဲ့တာ တက်တက်ပြောင်ခဲ့ပါပြီ။ ဗိုလ်မှူးကလေး မောင်သက်ဦးသည် နိုးမန်းနီး No Money ဖိုးရှမ်းကြီး ဖြစ်နေပါပြီ။

"ကဲ ဗိုလ်ညွန့်ဆွေရေ . . . ဗိုလ်မှူးကို ဈေးဝယ်ဖို့ ငွေတစ်ထောင်ပေးလိုက်ကွာ"

"ပိုက်ဆံပေးမလို့ ခေါ်တာပါဗျာ။ ခင်ဗျား ပြန်နားရင်နားပါ။ ကိုးနာရီလောက်ကျရင် တပ်မမှူးကြီး သွားတွေ့ရမယ်။ ဩဝါဒ သွားနာခံရမယ်။ ဒါပြီးမှ ပြန်ရမှာ။ ဒီနေ့တော့ မပြန်ဖြစ်တော့ပါဘူး။ နက်ဖြန်မှ ပြန်ဖြစ်မယ်"

"အင်း . . . တော်သေးတာပေါ့။ ခွေးသတ်ခဲ့တာများ ပြောမလားလို့"

အဲဒီနေ့က တပ်မမှူးကြီး ဩဝါဒ သွားနာခဲ့ရပါတယ်။

ရှေ့တန်းက ကိုးလဆယ်လကြာသွားလို့ ဒီတစ်ခေါက် တစ်လခွဲ အနားပေးမည့်အကြောင်း။ နားချိန်မှာ စစ်ရေးလေ့ကျင့်မှုတွေ ပြန်လုပ်ကြဖို့၊ ဖွဲ့စည်းမှုပြန်လုပ်ဖို့ ဒါလောက်ပဲ မှာပါတယ်။ ထွေလီကာလီ သိပ်မပြောပါဘူး။

ဩဝါဒ နာခံပြီး ပြန်လာတော့ ကျိုင်းတုံဈေးထဲ ဈေးဝယ်ထွက်ကြပါရော။ တပ်ခွဲက တပည့်တွေက . . .

"ဗိုလ်မှူး . . . ပစ္စည်းတင်ပါရစေ"

လို့ ခွင့်တောင်းကြတယ်။

ကျွန်တော်က အရင်အခေါက်တွေတုန်းက ဘာပစ္စည်းမှ

မတင်ရဘူးလို့ စည်းကမ်းတင်းကြပ်ထားတာ။ အခုအခေါက်တော့ လျှော့ပေးလိုက်ပါတယ်။ တင်ချင်ရင်လည်း နည်းနည်းပါးပါးတင်ပေ့ါလေ။ မကွေးက တက်လာတုန်းကလည်း စားကုန်သောက်ကုန်လေး နည်းနည်းပါးပါး တင်ခဲ့တာပဲ။

ဈေးထဲမှာ အိမ်အတွက် ကောင်းနိုးရာရာတွေကို တပည့်တွေကပဲ ဝယ်ပေးကြပါတယ်။

စတီးချိုင့်၊ ဖျော်ရည်ပုလင်း၊ မုန့်ပုံး၊ အင်္ကျီစလေးတွေ။

မေ့အတွက် ရှန်လုံချည်နဲ့ ယုန်မွေးအင်္ကျီ အဲဒါတွေပါပဲ။

ကလေးတွေက စက်ဘီးမှာလို့ အသစ်တော့ မဝယ်နိုင်ဘူး။ မိုင်းယောင်းက အဟောင်းလေးတစ်စီးတော့ ပါလာရဲ့။ ရာဂဏန်းလောက် ပေးရတာပါ။ အသစ်ကတော့ ထောင့်လေးငါးရာ၊ ပိုက်ဆံမရှိဘူးလေ။ မိုင်းယောင်းမှာ ကျန်ခဲ့ပြီ။ အခုလည်း တပ်ရင်းမှူးကြီးပေးထားတဲ့ငွေနဲ့ ဝယ်တာရယ်၊ တပည့်တွေဝယ်ပေးတာရယ် ပေါင်းလိုက်တာ သုံးလေးထောင်ဖိုးရှိပြီ။ ယုန်မွေးက တစ်ထည်လေးငါးရာ၊ ရှန်လုံချည်က တစ်ထည်နှစ်ရာလောက်ရှိတယ်လေ။

ညစာကို လောထင်းလူမှာ ထွက်စားကြတယ်။ တပ်ရင်းမှူးကြီးက အရက်မသောက်တော့ ကျွန်တော်တို့ မလွတ်လပ်မှာစိုးလို့ထင်ရဲ့ လိုက်မလာဘူး။ သွားကြပါတဲ့။ ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းလည်း မလိုက်လာဘူး။ ဒါကြောင့် ကျွန်တော် ခေါင်သူကြီးပေ့ါ။

အဲဒီညက လောထင်းလူမှာ ရမ်ရော၊ ကလော်စတာ ဘီယာရော အတော်ရောပါသွားပါလား။

လောထင်းလူမှာ ညီတစ်ဝမ်းကွဲ ကိုဌေးကျော်နဲ့ သွားတွေ့တယ်။ သူက R.I.T ကျောင်းသား။ အရောင်းအဝယ်လုပ်ရင်း ကျောင်းတန်းလန်းနဲ့ ကျိုင်းတုံသူ ရှမ်းမနဲ့ရပြီး ကျိုင်းတုံမှာ သောင်တင်နေတာ။ သူ့အဖေနဲ့ ကျွန်တော့်အမေက မောင်နှမအရင်း။

"အစ်ကို ဘာလိုသေးလဲ" တဲ့။

လက်ညှိုးနဲ့ လက်မ ဝိုင်းပြလိုက်တယ်။ မိန်းမပို့လိုက်တဲ့ အသက်အာမခံ ငွေငါးထောင်က အခုထိ စာရင်းမကိုက်ဘူးလေ။

"မနက် ဒီဆိုင်မှာ လာယူလိုက်ပါ"

လို့ ပြောသွားတယ်။ ကျေးဇူးပါပဲ။

အဲဒီညက ယမကာလေးထွေထွေနဲ့ မနန်းပန်ဆီ ရောက်သေးတယ်။ ကလေးမက အံ့တွေသြလို့။

*

## ၁၉၈၃ ခု မတ်လ (၂၃) ရက်

ဒီနေ့ ကျိုင်းတုံရောက်ပြီ။ မိုင်းယောင်းမိုင်းဖြတ်က ပါလာတဲ့ကားတွေ အကုန်လုံးပါလာတာမို့ ကားတန်းကြီးက ယာဉ်အစီး ၂၀၀ လောက်ရှိတဲ့ တကယ့် Great Convoy ယာဉ်တန်းကြီးပဲ။

စစ်ကြောင်း (၂) က ဗိုလ်မှူးစံသိန်းနဲ့ ဗိုလ်မှူးသောင်းတင် ခေါင်းဆောင်ပြီး ရှေ့ကထွက်နှင့်ကြတယ်။ ထုံးစံအတိုင်း ကျွန်တော်က နောက်ဆုံးက Great Convoy မို့ ကျိုင်းတုံက လူတွေ တပျော်တပါးကြီး လိုက်လာကြတယ်။ ကုန်ပစ္စည်းတွေလည်း ပါတာပေ့ါလေ။ ကျိုင်းတုံမှာ အကောက်ခွန်ရုံးရှိတာမို့ ကုန်ပစ္စည်းတွေက Custom Duty ဆောင်ထားတဲ့ပစ္စည်းတွေလို့ ထင်ရပါတယ်။ ပစ္စည်းတွေက

အပြည့်အသိပ်တင်ကြတာပါပဲ။ ဒါမှလည်း မြေပြန့်ကလူတွေ ဖောဖောသီသီ စားကြရမှာပေ့ါနော်။

ကျွန်တော်ကားက ခပ်ချောင်ချောင်ပါ။ ညီတော်မောင်ပေးခဲ့တဲ့ ငွေနဲ့ မိချောင်းစက်ဘီးအနီတစ်စီး ဝယ်ထားပါပြီ။ မိန်းမစာရင်းပြဖို့ ကိုက်သလောက်ဖြစ်သွားပါပြီ။ ငါးထောင်ကျော်သွားပြီ။

“ဗိုလ်မှူး ကျွန်တော်တို့ လိုက်ပါရစေ”

ကျိုင်းတုံမှာ အခြေချနေတဲ့ အငြိမ်းစားအရာခံဗိုလ်ကြီးနဲ့ အဖွဲ့က လာခွင့်တောင်းတယ်။ အားလုံးတပ်ထွက်တွေ။ သူနဲ့ တပည့်သုံးလေးယောက်၊ သိပောင်းကျွမ်းပောင်းမို့ လိုက်ခဲ့လေဆိုပြီး ခွင့်ပြုလိုက်တယ်။ All Free ပါ။

သူတို့အဖွဲ့က ကလော်စတာဘီယာတစ်ဖာ လက်ဆောင်ပေးပါတယ်။ အငြိမ်းစားအရာခံဗိုလ်ကြီးကတော့ သူဝယ်လာတဲ့ စက်ဘီးထဲက တစ်စီးကို ဈေးရင်းနဲ့ ပြန်ရောင်းပေးပါတယ်။ မိချောင်းစက်ဘီး အနက်ရောင်ပါ။

ကျိုင်းတုံက မနက် ၁၀ နာရီကျော်မှ ထွက်နိုင်တယ်။ ကားတန်းကြီးက တပ်ရင်းအလံ၊ တပ်မအလံ၊ နိုင်ငံတော်အလံတွေက တလူလူလွင့်လို့ ကက်ဆက်သံတွေကလည်း တညံညံနဲ့ ဝန်ထမ်းတွေရော၊ ကုန်သည်တွေရော၊ စစ်သားတွေရော ပျော်စရာကြီး။ တချို့များဆို လေမီးဖိုနဲ့ စားစရာတွေ ပါလာတယ်။ ချက်ပြုတ်စားကြမယ်ပေ့ါ။ လမ်းမှာကားတွေက ပျက်ချင်တဲ့နေရာ ပျက်တတ်တာမို့ ကြိုပြီးစီစဉ်လာကြတာပါ။

အဲဒီနေ့က မိုင်းပျင်းမှာ ညအိပ်ကြတယ်။ မိုင်းပျင်း Convoy ကွင်းကလည်း အစည်သား။ ဆိုင်ကလေးတွေပြည့်လို့။

ဆိုင်ကလေးတွေဘေး တဲကလေးတွေ ထပ်ထိုးပြီး အိပ်ရတယ်။ ရေကတော့ Convoy ကွင်း ယာဉ်ရပ်နားကွင်းဘေး နမ်းပျင်းချောင်းထဲ ဆင်းချိုးရုံပါပဲ။ နွေဆိုတော့ ရေတိမ်ပါတယ်။ ရေနစ်မှာ မစိုးရိမ်ရပါဘူး။ ဒီနေ့ညလည်း ပါလာတဲ့ ရမ်နဲ့ကလော်စတာရောသောက်ပြီး စောစောအိပ်ပစ်လိုက်တော့တယ်။ အိပ်ရေးပျက်ခဲ့တဲ့ ညတွေများပြီလေ။ မှတ်မိသေးတယ်။ အဲဒီညက ဗိုလ်ကြီးဇော်ဌေးနဲ့ ဗိုလ်ကြီးဌေးလွင်တို့ တပ်ခွဲမှူးနှစ်ယောက် ကျွန်တော့်တဲကို လာအိပ်ကြတာ။ စကားတပြောပြောနဲ့ အိပ်ပျော်သွားတယ်။

*

## ၁၉၈၃ ခု၊ မတ်လ (၂၄) ရက်

မိုင်းပျင်းက စောစောထွက်ကြတယ်။ မိုင်းပျင်းနဲ့ တောင်ကြီးကြားက တောင်တွေချည်းပဲ။ လမ်းက သိပ်မကောင်းဘူး။ ကားတွေကများတော့ သိပ်မလွယ်ဘူး။ ကားတွေက မကြာမကြာလည်း ပျက်ကြတယ်။ မိုင်းပျင်းသဲတောင်တွေက သက်နုမြေတွေဆိုတော့ မကြာခဏ တောင်ပြိုတယ်။ အခုက နွေမို့လို့၊ မိုးဆို ဗွက်ချည်းပဲ။

လမ်းမှာ သိပ်မထင်ရှားတဲ့ စခန်းလေးတွေ၊ ရွာတွေကိုဖြတ်ပြီး ညကျတော့ ကွန်ဟိန်းရောက်တယ်။ တပ်ရင်းမှူးကြီးနဲ့ ရှေ့အဖွဲ့တွေက တာကော်ရောက်နေပြီ။

“မိုးချုပ်ရင် ကွန်ဟိန်းမှာ ကားစုံအောင် စောင့်ပြီးအိပ်ပါ” လို့ တပ်ရင်းမှူးက စက်နဲ့လှမ်းပြောလို့ ဒီညတော့ ကွန်ဟိန်းမှာပဲ အိပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဗိုလ်ကြီးသူရခင်မောင်လတ် သင်တန်းသွားလို့ စီနီယာတပ်စုမှူး ဗိုလ်ခင်မောင်လင်းကို တပ်ခွဲကိစ္စအဝဝ တာဝန်ပေးထားရတယ်။ တပ်စုမှူးက သုံးယောက်။ ဗိုလ်ခင်မောင်လင်း၊

ဗိုလ်တင်စိုး၊ နောက်ရောက်လာတဲ့ ဗိုလ်စောထွန်း။

ကွန်ဟိန်း Convoy ကွင်းက ခပ်ကျဉ်းကျဉ်းရယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကားအစီးသုံးလေးငါးဆယ်တော့ ဆန့်ပါရဲ့။

"တပ်ခွဲမှူး . . . ဘယ်မှာအိပ်မှာလဲ"

ဗိုလ်ခင်မောင်လင်းက မေးတော့ . . .

"ဒီကွင်းထဲမှာပဲလေကွာ" လို့ ဖြေရတယ်။

"ကောင်းပ့ါမလား" တဲ့။

"နေပါစေကွာ"လို့ပဲ ပြောလိုက်ပါတယ်။

ရေမိုးချိုးပြီး ကွန်ဗွိုင် ကွင်းအပြင်ထွက်လိုက်တော့ ခပ်လှမ်းလှမ်းက ကျွန်းအိမ်ကြီးတစ်လုံးရှေ့က ဈေးဆိုင်မှာ ကားသမားတွေ တိုးခွေ့လို့ စားကြသောက်ကြနဲ့ ကျွန်တော်က ဘာလဲဆိုပြီး ဝင်ကြည့်လိုက်တော့ လားလား. . . ဆောင်လောက်ပါလား။ အမျိုးသမီးလှလှသုံးဦးက ယမကာမျိုးစုံ၊ အမြည်း အမျိုးစုံ၊ အစားအသောက်အမျိုးစုံ ရောင်းနေကြတယ်။ ရှမ်းထမင်းသုပ်တွေလည်း ရောင်းတယ်။ ခေါင်းဆောင်အမျိုးသမီးက အလွန်လှတယ်။ ပါးချိုင့်နှစ်ဖက်နဲ့ ချိုပြုံးလိုလို၊ နှင်းဆီလိုလို။ ရုပ်နဲ့ကိုယ်လုံးကိုယ်ထည်ကလည်း ခပ်ဖွံ့ဖွံ့ဖြိုးဖြိုးပါပဲ။

ကျွန်တော်က ကျိုင်းတုံက ဝယ်လာတဲ့ ကျင်းအင်္ကျီနဲ့ ဝက်ဝံနှစ်ကောင်တက်ထရွှန်လုံချည် ကွက်ကြားနဲ့ အပြတ်ရှိုးပြင်လာတာ။ စစ်ဆင်ရေးအပြန်ဆိုတော့ ဆံပင်ကတော့ ခပ်ရှည်ရှည်ပေ့ါခင်ဗျာ။

"ဘာစားမှာလဲ ရှင်"

ဆိုင်ရှေ့သွားရပ်တော့ မေးပါလေရောလား။ သိတဲ့ကားသမားတချို့ကလည်း ရှဲပေးကြတယ်။ တပ်ခွဲက တစ်ယောက်တည်းထွက်လာတာ။ ရဲဘော်ခေါ်မလာခဲ့ဘူး။ ပိုက်ဆံအိတ်ရယ်၊ ဖွက်ယူလာတဲ့ ပစ္စတိုရယ်တော့ ပါတာပေါ့လေ။

“ဘာရှိလဲ”

“အစုံပါပဲရှင်။ မြင်တဲ့အတိုင်းပါပဲ။ အချိုရည်အစုံ ရှိပါတယ်”

“အခါးရောဗျာ”

“ဘီယာမျိုးစုံနဲ့ ယိုးဒယားအရက်ပြင်း အမျိုးစုံရှိပါတယ်”

ကလေးမနှစ်ဦးက ဝင်ဖြေသည်။ အသက် ၂၇၊ ၂၈ လောက်ရှိတဲ့ အကြီးမကြီးက ပြုံးနေတယ်။ ကျွန်တော့်ကို အကဲခတ်နေပြီးမှ မေးတယ်။

“ပီအိုက် ဘာသောက်မှာလဲ”

“ကလော်စတာ တစ်ပုလင်းလုပ်ဗျာ”

ကလော်စတာ တစ်ပုလင်းစသောက်ပြီး အမြည်းကတော့ တို့ဟူးခြောက်ကြော်၊ သားရေပွကြော်၊ အမဲခြောက်ကြော်များရတယ်။ စားလို့ကောင်းတယ်။ ကလော်စတာက ဘီယာမို့ သိပ်အားမရဘူး။ ဒါနဲ့ . . .

“ရမ်မရှိဘူးလား”

“ရှိပါတယ်”

“ရမ်နှစ်ပက်ပေးဗျာ”

ကလော်စတာထဲ ရမ်ထည့်သောက်တယ်။ အချိန်တစ်နာရီကျော်

နှစ်နာရီကြာပြီ။ တစ်မျိုးပြီးတစ်မျိုး မှာစားတယ်။ မှာသောက်တယ်။ ခဏတဖြုတ် လာထိုင်ကြတဲ့ ကားသမားတွေလည်း ပြန်ကုန်ကြပြီ။ နောက်ဆုံးတော့ ဆိုင်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်တော့တယ်။

"ပီအိုက်က ကားသမားလား၊ ကုန်သည်လားရှင်"

"ဗျာ"

"ပီအိုက်ကတစ်ယောက်တည်းမို့ ကုန်သည်လားလို့ပါ"

"ဘယ်လိုထင်လို့လဲဗျာ"

အမျိုးသမီးသုံးဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ရယ်ကြတယ်။

"ဟာ . . . တပ်ခွဲမှူး၊ တစ်ယောက်တည်းပါလား။ ကျွန်တော်တို့က ပျောက်လို့ လိုက်ရှာနေကြတာ"

ဗိုလ်ခင်မောင်လင်းနဲ့ ဗိုလ်တင်စိုးတို့ ရောက်လာကြတယ်။ အဲဒီလိုပြောတယ်။ အဲဒီကျမှ အမျိုးသမီးသုံးယောက်က ကျွန်တော်စစ်သားမှန်း သိသွားပြီး . . .

"သြော် . . . ပီအိုက်က လူစစ်ကိုး၊ ဗိုလ်လုံကိုး"

လို့ ဆိုကြတော့တယ်။

"ဒါ ကျွန်တော်တို့ တပ်ခွဲကိုင်တဲ့ ဗိုလ်မှူး" လို့ ဗိုလ်တင်စိုးက ဝင်ပြောတယ်။

"တပ်ခွဲမှူး . . . အိမ်ရပြီ။ စစ်ကြောင်းမှူးတွေ အိပ်နေကျ ကွန်ဟိန်မြို့စားရဲ့ လက်ထောက်အိမ်မှာ အိပ်ဖို့လုပ်ခဲ့ပြီ"

ဗိုလ်ခင်မောင်လင်းက ပြောပြန်ပါတယ်။

“သြော် . . . နေပါစေကွာ။ ကွင်းထဲမှာပဲ အိပ်ပါ့မယ်”

“မိုးစိတ်မချရဘူး တပ်ခွဲမှူး။ မိုင်းပျင်းမှာတုန်းကတောင် မိုးလေးတစ်ဖြောက်နှစ်ဖြောက် ကျသေးတယ်”

“ဗိုလ်လုံတို့ပြောတာ ကျွန်မတို့နေတဲ့ အိမ်ရှင့်။ ကျွန်မတို့ ဘကြီးအိမ်ပါရှင့်။ ဗိုလ်မှူးအိပ်ပါရှင့်”

အကြီးမကြီးက အပြုံးလှလှနဲ့ ဖိတ်တယ်။

“ဒါဆိုလည်း အိပ်ပေ့ါ”

အဲဒီညက ကွင်းထဲကနေပြီး အဲဒီအိမ်ပြောင်းအိပ်ဖြစ်ခဲ့တယ်။ ညမှာ နည်းနည်းညောင်းတယ်ပြောတော့ အကြီးမက နှိပ်ပေးမယ်ဆိုတာ အတင်းငြင်းလိုက်ရတယ်။ မလုပ်ပါနဲ့။ ရှက်စရာကြီး။ အခါထုံးစံလို ဖြစ်နေပါဦးမယ်။ အခါကတော့ အိမ်ကအပျိုမလေးတွေက ဧည့်သည်ကို ညောင်းရင် နှိပ်ပေးရတယ်။ ရှမ်းမှာတော့ အဲဒီထုံးစံ လုံးဝမရှိဘူး။

မိုးလင်းတော့ အကြီးမကပဲ မျက်နှာသစ်ရေတွေ ဘာတွေလာပို့လို့ ကျေးဇူးတင်ကြောင်း ပြောရပါသေးတယ်။ ကွန်ဟိန်းမှာ အဲဒီတစ်ခါပဲ ညအိပ်ဖူးလို့ ဒီအဖြစ်အပျက်ကို အခုထိ မမေ့သေးပါဘူး။ အမှတ်တရတစ်ခုပေ့ါ။

*

## ၁၉၈၃ ခု၊ မတ်လ (၂၅)

ကွန်ဟိန်းက မနက်စောစော ထွက်ခဲ့ကြတယ်။ တောင်ကြီးရောက်တော့မှာမို့ ကုန်သည်တွေလည်း ပျော်၊

ဝန်ထမ်းတွေလည်း ပျော်ပေ့ါ။ တောင်ကြီးရောက်ရင် လွတ်ပြီ၊ ကျွတ်ပြီလေ။

ညနေ ၂ နာရီ လောက်၊ ၃ နာရီလောက် တောင်ကြီးရောက်ပါတယ်။ ကားအတော်များများကိုတော့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ရွှေညောင်ဆင်းခိုင်းလိုက်တယ်။ ကျွန်တော်တို့ တပ်ရင်းကိုတော့ တိုင်းရှေ့မှာ ရပ်ခိုင်းပြီး ခေါင်းဆောင်လူကြီးပိုင်းက တိုင်းမှူးကြီးနဲ့ တွေ့ရတယ်။ ကျွန်တော်လည်း ပါပါတယ်။ တိုင်းမှူးကြီးက ဗိုလ်ချုပ်အေးစန်းပါ။ ဘာမှ အထူးမပြောပါဘူး။ မိုင်းယောင်းဘက်က ရန်သူ့အခြေအနေ၊ လမ်းအခြေအနေ မေးပြီး ပြန်လွှတ်လိုက်တာပါပဲ။ ယာဉ်တန်းကိုလည်း မစစ်ပါဘူး။ အားလုံးပျော်ပြီး ပြန်လာကြတယ်။ အဲဒီညက ရွှေညောင်က ကွင်းထဲမှာ ဆင်းအိပ်ကြပါတယ်။

ကုန်သည်တွေနဲ့ ဝန်ထမ်းတွေအားလုံးကတော့ တောင်ကြီးနဲ့ ရွှေညောင်မှာ All Clear ပါ။ ဆင်းသွား ရှင်းသွားပါပြီ။ ကျိုင်းတုံကပါလာတဲ့ ပစ္စည်းတွေလည်း စပ်စံထွန်း ဈေးကြီးထဲက ဒိုင်တွေက အားလုံးသိမ်းသွားကြပါပြီ။ ဒီကပြီးမှ ရန်ကုန်မန္တလေးပြန်ပို့တာပါ။ ကျွန်တော်တို့ ကားပေါ်မှာတော့ ရဲဘော်တွေ ဝယ်လာတဲ့ တစ်ပိုင်တစ်နိုင်ပဲ ပါပါတော့တယ်။

အဲဒီညကတော့ ရွှေညောင်ယာဉ်ရပ်နားကွင်းထဲမှာ တပ်ရင်းတစ်ရင်းလုံး ညအိပ်ကြတာပါ။

ရွှေညောင်မှာက ထောက်ပို့ တပ်ရင်းကြီးတစ်ရင်းရှိပါတယ်။ ယာဉ်ရပ်နားကွင်းက အဲဒီတပ်နဲ့ မျက်နှာချင်းဆိုင်မှာပါ။ လမ်းဟိုဘက်ပေ့ါ။ အဲဒီကွင်းကြီးမယ် ၁၉၉၀ ခုနှစ် ကျွန်တော် မိုင်းရှူးမော်ဖ က ပြန်အဆင်းမှာ ခလရ (၆) တပ်ရင်းမှူး တာဝန်နဲ့

တစ်ညအိပ်ဖူးခဲ့ပါသေးတယ်။ အခုထက်ထိ အဲဒီကွင်းကြီး ရှိတုန်းပဲတဲ့။

*

## ၁၉၈၃ ခု၊ မတ်လ (၂၆) ရက်

ရွှေညောင်ကနေပြီး ထွက်တော့ ကားအစီးလေးငါးဆယ်ပဲ ကျန်ပါတော့တယ်။ ကျွန်တော်တို့တပ်က ၂၅ စီးလောက်နဲ့ ကျန်တာ မိတ္ထီလာတပ်နယ်က ကားတွေပါ။ ဒါကြောင့် ကားကလည်းနည်း၊ အဆင်းကလည်းဖြစ် ဆိုတော့ အတော်မြန်ပါတယ်။ မိတ္ထီလာမှာ ကားတစ်ဝက်ကျန်ခဲ့ပြီ။ ကျွန်တော်တို့ကားတွေကတော့ မကွေးကို ဆက်ထွက်ကြတယ်။

ညနေမိုးမချုပ်တချုပ်မှာ ရေနံချောင်းအထွက်က ၃၆ မိုင်ကို ရွာကို ရောက်ပါတယ်။ အဲဒီမှာ ညအိပ်အခြေပြုပါတယ်။ မပြုလို့ မရဘူး။ မကွေးက မနက်ကြိုနိုင်အောင် ဒီရွာမှာ ညအိပ်ရတာ။

ဒီမှာလည်း ရယ်စရာ၊ သနားစရာတွေ တွေ့ရတယ်။ ကိုယ့်ယောက်ျား ရေနံချောင်းက ၃၆ မိုင် ရွာရောက်တယ်လည်းကြားရော တပ်က မိန်းမတွေ၊ ကလေးတွေက လိုက်သွားကြတယ်။ ရေနံချောင်းနဲ့ မကွေးက ဘာဝေးတာမှတ်လို့။ ဟိုရောက်တော့ ငိုကြ၊ ယိုကြ၊ ပွေ့ဖက်ကြနဲ့။ မပြန်ဘူး။ တော်တော်နဲ့ မပြန်ဘူး။ တချို့က အဲဒီမှာပဲ ညအိပ်ကြတယ်။ တပ်ခွဲမှူး၊ တပ်ခွဲအရာရှိတွေကလည်း ကိုးလဆယ်လ ခွဲနေကြရတာကိုသိတော့ သူတို့ကို လွှတ်ပေးထားရတော့တာပေါ့။ မျက်ကွယ်ပြုထားရတယ်။ လူပျိုရဲဘော်တွေကလည်း အိမ်ထောင်သည်တွေအတွက် အိပ်စရာ၊ နေစရာ ဖယ်ပေးကြရတယ်။

ကျွန်တော်လည်း ရယ်စရာရှိသေးတယ်။ သားမောင်ဖိုးချွန်က အဲဒီတုန်းက ဆယ့်နှစ်နှစ်လောက်ရှိဦးမယ်။ ၃၆ မိုင်ရွာကလေးကို လိုက်လာတော့ တပ်စုမှူးအသစ်ဗိုလ်စောထွန်းက . . .

"တပ်ခွဲမှူး . . . အသားညိုညိုကောင်လေးတစ်ယောက် တပ်ခွဲမှူးကို လိုက်မေးနေတယ်။ ခေါ်ခဲ့ရမလား။ အမျိုးတော်လားခင်ဗျာ"

လို့ သဘောရိုးနဲ့ လာပြောတော့ ကျွန်တော်ကလည်း ရယ်ချင်ချင်မို့ . . .

"အဲဒါ ကိုယ့်ညီအငယ်ဆုံးလေးကွ။ သွားခေါ်လိုက်ပါကွာ"

ဆိုပြီး လွှတ်လိုက်တယ်။

သားတော်မောင်ပါလာတော့ ကျွန်တော့်မြင်တာနဲ့ –

"ပါးပါး"

ဆိုပြီး ခေါ်ပါလေရော။

ပါးပါးဆိုတာ အဖေပေ့ါ။ ကရင်လို အဖေကိုခေါ်တာ။ ကရင်တောထဲနေဖူးခဲ့တဲ့ ဗိုလ်စောထွန်း က ဒါလောက်မညံ့ပါဘူး။ ပါးပါးလို့လည်းခေါ်ရော သားမှန်း ချက်ချင်းသိသွားပါတယ်။ ပြီးတော့ . . .

"တပ်ခွဲမှူးကြီးက ခပ်တည်တည်နဲ့ တော်တော်နောက်တာပဲ"

လို့ ပြောရှာပါတယ်။

တပ်ခွဲတစ်ခွဲလုံးကတော့ ဗိုလ်စောထွန်းကို ဝိုင်းပြီးရယ်ကြတာပေ့ါ။ သူတို့ကတော့ သားတော်မောင်ကို သိကြတယ်လေ။

သားတော်မောင်လည်း အဲဒီညက ကျွန်တော်နဲ့အိပ်ပါတယ်။ သားကို

ညီအငယ်ဆုံးလေးဆိုပြီး နောက်ပြောင်လိုက်တဲ့သတင်းက တပ်ရင်းမှူးကြီးဆီထိ သတင်းပြန့်သွားပြီး အဲဒီညနေ ထမင်းအတူစားတော့ တပ်ရင်းမှူးကြီးက —

"ဗိုလ်မှူးသက်ဦးရဲ့ ညီအငယ်ဆုံးလေး ပြန်သွားပြီလား" လို့ ပြုံးပြုံးကြီးနဲ့ မေးပါတယ်။

ကျွန်တော်ကလည်း ပြုံးပြီး . . .

"ဒီည ကျွန်တော်နဲ့ အတူအိပ်ချင်လို့တဲ့ ခင်ဗျ" ဆိုတော့ . . .

"ညီအငယ်ဆုံးလေးကက သူ့အစ်ကိုကြီးကို အတော်ချစ်ပုံရတယ်" လို့ စပါတယ်။

အဲဒီညကတော့ ၃၆ မိုင်ရွာကလေးမှာ ကားသံ၊ လူသံတွေ တစ်ညလုံး ဆူညံလို့ပေါ့။ တော်တော်နဲ့ မအိပ်နိုင်ကြပါဘူး။

*

## ၁၉၈၃ ခု၊ မတ်လ (၂၇) ရက်

ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် တပ်မတော်နေ့နဲ့ လာပြီးဆုံနေတယ်။

၃၆ မိုင်ရွာက မနက် ၀၇၀၀ နာရီလောက် ထွက်ခဲ့ကြတယ်။ ကားအစီး ၂၅ စီးလောက်ပါတယ်။ လူက ၅၀၀ လောက်။ အဲဒီတုန်းက တပ်တွေဟာ ရှေ့တန်းထွက်ရင် ၅၄၀ ထွက်ရတယ်။ အရာရှိ ၂၀၊ အခြားအဆင့် ၅၂၀၊ ပေါင်း ၅၄၀ ပေါ့။

(၁၉၈၈ ကျွန်တော် တပ်ရင်းမှူးဖြစ်တော့ နည်းနည်းလျော့သွားပြီ။ အရာရှိကတော့ ၂၀ ပဲ။ အခြားအဆင့်က ၅၀၀၊ ပေါင်း ၅၂၀ ပြည့်မှ စစ်ဆင်ရေးထွက်ရတယ်။ အဲဒီတုန်းက တပ်တွေမှာ အဲဒီလို

သွားနိုင်လာနိုင်တဲ့ အင်အားရှိပါတယ်။ အခုအခါမှာတော့ ဒီလောက်အင်အား မရှိတော့ဘူးလို့ ကြားရပါတယ်။) ကား ၂၅ စီးက တပ်ရင်းမှူးကြီးရဲ့ကားက ဦးဆောင်ပြီး ၃၆ မိုင်ရွာက ထွက်ပါတယ်။ တပ်ရင်းအလံ၊ တပ်မအလံ၊ နိုင်ငံတော်အလံတွေ တလူလူလွှင့်ပြီး ကက်ဆက်သံ၊ လော်စပီကာသံ တညံညံနဲ့၊ ပထမရေနံချောင်းမြို့ကို ဖြတ်တယ်။ ရေနံချောင်းကလည်း မြို့အရှည်ကြီး၊ မြို့လယ်လမ်းမကြီးကလည်း Highway တစ်ကြောင်းပဲရှိတာ။ အဲဒီလမ်းမကြီးကို ကားတွေ ဖြတ်မောင်းတော့ ရဲဘော်တွေက ကျိုင်းတုံကဝယ်လာတဲ့ နိုင်ငံခြားဖြစ် ထိုင်းချိုချဉ်လုံးတွေ၊ တပ်မတော်စာစဉ်တွေကို ဝိုင်းကြည့်ကြတဲ့ လူထုထဲကို လှမ်းပစ် လှမ်းကြဲ လုပ်ကြတယ်။ လူထုကလည်း အလုအယက်ကောက်ကြပါတယ်။ တပ်မတော်စာစဉ်မှာ လိပ်စာတွေ ထည့်ပေးလို့ မကွေးတပ်တွေက ရေနံချောင်းသူတွေနဲ့ရတာ မနည်းလှပါဘူး။

ရေနံချောင်းကျော်တော့ ဒေါင်းနေတို့၊ နတ်မောက်လမ်းခွဲတို့ ရောက်ပါတယ်။ ပြီးတော့ ဒဟတ်ကန် ကံဖျားစတဲ့ ရွာတွေရောက်ပြီး နောက်ဆုံး ကျွန်တော်တို့ရဲ့တပ်ရင်း (အမှတ်တစ် ဗမာ့သေနတ်ကိုင်တပ်ရင်း) ဂိတ်ကို ရောက်ပါတော့တယ်။

လူအုပ်ကြီးကတော့ ကြပ်ခဲနေတာပါပဲ။ မကွေးမြို့ အုပ်ချုပ်ရေးအဖွဲ့က ကျောင်းပေါင်းစုံ၊ မကွေးကောလိပ်၊ ရုံးအသီးသီးက ဝန်ထမ်းများနဲ့ တပ်နယ်က မိသားစုများ၊ မြို့သူမြို့သားများ အများအပြားကို အတော်စည်းရုံးနိုင်ပါတယ်။ ကျွန်တော့်ဘဝမှာ ဒီလောက်ကြီးမားတဲ့ လူထုကြီးနဲ့ ကြိုဆိုတာကို ဒီမြေလတ်ဒေသ မကွေးမြို့မှာပဲ ကြုံဖူးပါတယ်။ တစ်ခဲနက်ကို အမှန်တကယ်

ကြိုကြတာပါ။ အိုးစည် ဗုံမောင်းနဲ့၊ ဘင်ခရာအဖွဲ့တွေနဲ့၊ ဆိုင်းဝိုင်းနဲ့၊ အကအခုန်နဲ့ ကြိုကြတာပါ။

တပ်မရောက်မီ ကိုက် ၁၀၀ လောက်က လမ်းဆင်းလျှောက်ကြရပါတယ်။ တပ်အဝင်ဂိတ်ဝမှာ ပန်းကုံးစွပ်သူတွေက ပန်းကုံးဆီးစွပ်ကြတယ်။ တပ်ရင်းမှူးကြီးကိုတော့ တပ်ရင်းမှူးကတော်နဲ့ သားသမီးများက စွပ်ကြတာပါပဲ။ ကျွန်တော်တို့ အိမ်ထောင်သည် အရာရှိတွေကိုလည်း ဇနီးသားသမီးများက ပန်းကုံးစွပ်ပေးကြတာပါ။

လူပျိုအရာရှိနဲ့ စစ်သည်များကိုတော့ တခြားတခြားသော အမျိုးသမီးကလေးများက သူ့ဟာနဲ့သူ အဆင်ပြေသလို ပန်းကုံးစွပ်ပေးကြပါတယ်။ မကွေးကောလိပ်က လုပျိုဖြူလေးများလည်း လာရောက်ပြီး ရှေ့တန်းပြန်များကို ပန်းကုံးစွပ်ပေးကြလို့ အရာရှိလူပျိုကလေးများနဲ့ သမီးရည်းစားတွေ ဖြစ်ကုန်ကြပါလေရောလား။ ကျွန်တော်ရှိတုန်းမှာပဲ နှစ်တွဲလောက် စွံသွားပါတယ်။ အဲဒီထဲမှာ အထက်တန်းကျောင်းက ခပ်ငယ်ငယ်၊ ခပ်လှလှ အထက်တန်းပြဆရာမလေးတွေလည်းပါရဲ့။ စစ်ဗိုလ်နဲ့ ဆရာမက ဟိုးရှေးပေဝသဏီကတည်းက လိုက်ဖက်တဲ့ အတွဲတွေလေ။

တစ်တပ်လုံးပန်းကုံးစွပ်ပြီးတော့ တပ်ရင်းစစ်ရေးပြကွင်းမှာ တပ်ရင်းမှူးကြီးက တပ်ဝင်မိန့်ခွန်းပြောတယ်။ ကျွန်တော်တို့အားလုံးက တန်းစီပြီး နားထောင်ရတယ်။

တပ်ဝင်မိန့်ခွန်းကတော့ အထူးမဟုတ်ပါဘူး။ ဒီအခေါက်ပင်ပန်းလို့ ရှေ့တန်းမှာကြာလို့ အခါတိုင်း တစ်လအနားပေးတာ၊ တစ်လအစား တစ်လခွဲထိ နားရက် တိုးပေးခံရကြောင်း၊ အနားကာလမှာ

လေ့ကျင့်ရေးတွေ ပြန်လုပ်ကြမယ့်အကြောင်း၊ ဒ့ါအပြင် မိသားစု ပျော်ပွဲရွှင်ပွဲများ လုပ်ပေးမယ့်အကြောင်း၊ မိသားစု သကြၤန်ပြုလုပ်မယ့်အကြောင်း၊ ရဟန်းခံရှင်ပြု လုပ်ပေးမယ့်အကြောင်း၊ အငြိမ့်ငှားပေးမယ့်အကြောင်း၊ ပုဂံဘုရားဖူးစေလွှတ်မယ့်အကြောင်း အစုံပါပဲ။ တပ်ရင်းမှူးကြီးက တပ်ရဲ့ Welfare ကို အလွန်ကြည့်သူဖြစ်တဲ့အတွက် အလွန်ချစ်ခင်နှစ်လိုစရာ ကောင်းလှပါတယ်။ အတုလည်း ယူရပါတယ်။

မိန့်ခွန်းပြောပြီးလို့ တန်းဖြုတ်တော့ မဏ္ဍပ်မှာ နေ့လည်စာ Lunch စားရပါတယ်။ တပ်ရင်းတစ်ရင်းလုံးအတွက် မီးခိုးတိတ်ချက်ထားတယ်။ မြို့ထဲက ဌာနဆိုင်ရာပုဂ္ဂိုလ်ကြီးတွေနဲ့ နေ့လည်စာကို အတူစားသုံး၊ စကားလက်ဆုံကျ၊ ကိုယ်က ကျေးဇူးတင်ကြောင်းပြော၊ သူတို့က ရှေ့တန်းအကြောင်းမေးနဲ့ နှုတ်ဆက်စကားဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်တာပါပဲ။

တပ်ခွဲတွေကတော့ လက်နက်တွေ လက်နက်တိုက်မှာ အပ်ကြပြုကြ၊ လူပိုျစစ်သည်တွေက ပစ္စည်းထုတ်ကြ၊ အိမ်ထောင်သည်တွေက ဝယ်ခြမ်းလာတာလေးတွေ သယ်ကြပြုကြနဲ့ ရှုပ်ယှက်ခတ်နေပါတယ်။

ကျွန်တော်လည်း လာကြိုတဲ့ ဇနီးမယား၊ သမီးသားနဲ့ အိမ်ကို ပြန်ခဲ့တယ်။

အိမ်ရောက်တော့ ဇနီးသည် မေက ပို့လိုက်တဲ့ပိုက်ဆံတွေရလား၊ ဘာလုပ်ခဲ့လဲဟင်၊ ဘာဝယ်ခဲ့လဲဟင်ဆိုပြီး မေးပါတယ်။ ဒါတွေ ကြိုတွက်ထားပြီးသားပါ။ ဒါကြောင့် ပါလာတဲ့ပစ္စည်းတွေကို ရဲဘော်တွေ လာပို့တာပြပြီး . . .

“ဟောဒီမှာ စက်ဘီးက သုံးစီးကွာ။ မေ့အတွက် ရှန်လုံချည် ၂ ထည်၊

ယုန်မွေးတစ်ထည်ကွာ။ အဲဒါနဲ့ပဲ မေ့အသက် အာမခံငွေငါးထောင်ပြည့်သွားပြီလေ။ ဒီစတီးချိုင့်တို့၊ ဖျော်ရည်ပုလင်းတို့၊ မုန့်ပုံးတို့ ကလေးဝတ်အင်္ကျီလေးတွေတို့က တပ်ခွဲက ဝယ်ပေးလိုက်တာ။ အားလုံး ၆၀၀၀/၇၀၀၀ ဖိုးလောက်တော့ ရှိတယ်”

အဲဒီလိုပြောတော့ ဇနီးသည်က အလွန်ကျေနပ်သွားပါတယ်။ သူ့အတွက် ဘရာဇီယာပါ ၆ ထည်လောက်ပါသေးတာကိုး။ ကလေးတွေအတွက်ကတော့ စက်ဘီးအသစ်တစ်စီး၊ အဟောင်းတစ်စီး၊ ကျန်အသစ်တစ်စီးကတော့ သူတို့ရောင်းပြီး တပ်နားတဲ့ကာလမှာ ဟိုဟိုဒီဒီ သုံးဖို့စွဲဖို့ရတာပေါ့။ မင်းတို့အတွက် မုန့်ဖိုးပဲလို့ ပြောရတာပေါ့။

အဲဒီလိုပြောတော့ အားလုံးပျော်သွားကြပါရော။ ကလေးတွေကတော့ “ဒို့အဖေကြီးဟေ့” လို့ အော်ပြီး အတင်းဝိုင်းဖက်ကြပြုကြနဲ့ သူတို့က ကျိုင်းတုံကလာတဲ့ မိချောင်းတို့၊ ပန်းမြို့တော်တို့ဆိုတဲ့ စက်ဘီးတွေ အလွန်စီးချင်ကြတာကိုး။ အခုစီးလို့ရပြီပေါ့။ ဒီတစ်ခေါက်က ကျွန်တော်လည်း Major အပွင့်လေးတပ်ရလို့ အလွန်ကျေနပ်လာခဲ့တာ ကျေနပ်မှုက အိမ်ပြန်အရောက်မှာ အထွတ်အထိပ် ရောက်သွားတာပေါ့ ခင်ဗျာ။

ဒါတွေဟာ ရှေ့တန်းပြန် ကျွန်တော်တို့စစ်သားတွေရဲ့ တကယ့်အစစ်အမှန် Feeling များပါ ခင်ဗျား။

*

**နိဂုံး**

ကဲ စာရှုသူများ ခင်ဗျာ။

နမ့်မယောင်းချောင်းဘေး မိုင်းယောင်းမြို့လေးကနေပြီး

ရောဝတီမြစ်ကြီးဘေးက မကွေးမြို့ကို ကျွန်တော်တို့စစ်သားတွေ ဘယ်လိုပြန်လာခဲ့ကြသလဲဆိုတာ အကြမ်းဖျဉ်းတော့ ပုံပေါ်ပြီ ထင်ပါတယ်။ ခရီးအကွာအဝေးကလည်း မသေးလှပါဘူး။ မိုင်ပေါင်း ငါးရာခြောက်ရာပေ့ါ။ တစ်ထောင်နီးနီးရှိမယ် ထင်ရဲ့။ ရက်ကလည်း ရက်သတ္တတစ်ပတ်လောက် ကြာပါတယ်။ ဒါက ပွင့်လင်းရာသီမို့ပါ။ မိုးတွင်းဆိုရင်တော့ ဒါထက်ပိုကြာတတ်ပါတယ်။ တံတားကျိုးတာ၊ မြစ်ရေ၊ ချောင်းရေ၊ တောင်ကျရေတွေ ကြီးတာ၊ တောင်ပြိုတာ၊ လမ်းပျက်တာနဲ့ ကြုံရင် ကားတွေပိတ်မိပြီး ရက်သတ္တပတ် တစ်ပတ်ကနေပြီး နှစ်ပတ် သုံးပတ် ဖြစ်သွားတတ်ပါတယ်။

လမ်းမှာ ဖြစ်ပျက်ခဲ့တာတွေလည်း အဲဒီတုန်းက ဖြစ်ခဲ့တာ အမှန်တွေပါ။ တောင်ပေါ်သူလေး မနန်းပန်နဲ့မိတ်ဆွေဖြစ်ခဲ့တာလည်း အမှန်ပါ။ ၁၉၉၁ ခုနှစ် ကျွန်တော် ဒုဗိုလ်မှူးကြီးအဆင့်နဲ့ ကျိုင်းတုံမှာ ခေတ္တတာဝန်ကျတော့ ဂျီဝမ်းအမိန့်ထွက်ပြီး နောက်တစ်နေ့ ပြန်မယ်အလုပ် မပြန်မီည သူ့ကို အမှတ်တရ သွားနှုတ်ဆက်ခဲ့ပါတယ်။ စောစောကတော့ သံယောဇဉ်နှောင်ကြိုးတွေ ထပ်တင်းမှာစိုးလို့ မသွားခဲ့တာပါ။ အဲဒီညက သူက အံ့တွေသြလို့။ ကျွန်တော်ကလည်း နှုတ်ဆက်ညစာစားပွဲ ချင်း (၄) က လုပ်ပေးတာသွားစားပြီး ယူနီဖောင်းဝတ်ကြီးနဲ့ အပြန် လမ်းသင့်တာနဲ့ ဝင်လိုက်တာ။ ထမင်းပွဲမှာ နည်းနည်းလည်း ရဲဆေးတင်ထားတာ ပါပါလိမ့်မယ်။

သူက ကျွန်တော့်တွေ့တော့ . . .

“ဟယ် . . . ဗိုလ်မှူး” ဆိုပြီး ဘာမပြော ညာမပြောနဲ့ ကျောကို တဒုံးဒုံးနဲ့ လာထုတာပဲ။ ပါလာတဲ့ အရာရှိငယ် နှစ်ယောက်ကလည်း ကျောထုခံရတာကို စိတ်မဆိုးတဲ့ သူတို့တပ်ရင်းမှူးကြီး ဦးစိတ်တိုကို

တအံ့တသြနဲ့ပေါ့။

ခဏပဲနေပြီး ပြန်ခဲ့ပါတယ်။ ကြာရင် စိတ်မကောင်းစရာတွေ ဖြစ်နေရမှာစိုးလို့။ မနန်းပန် အိမ်ထောင်မကျသေးပါဘူး။ လှလည်း လှဆဲပါ။ အသက်ကလည်း ၃၀ တောင် မပြည့်သေးဘူး ထင်ရဲ့။ ထားပါတော့ ခင်ဗျာ။ ပြီးတာတော့ ပြီးသွားခဲ့ပါပြီ။

အဲဒီတုန်းက အခုလို ယာဉ်တန်းအတက်အဆင်းတွေမှာ အလွန်စည်ကားပါတယ်။ ပြည်သူလူထုက တပ်နဲ့သွားရလာရတာ စိတ်ချလို့ လိုက်ကြတာပါပဲ။ လူကတော့ လူစုံပါ။ တပ်မတော်သားတွေအပြင် ဝန်ထမ်းတွေ အမှုထမ်းအရာထမ်းတွေ ကျောင်းသူကျောင်းသားတွေ ကုန်သည်တွေ အစုံပါတတ်ကြပါတယ်။ ဒီခေတ်တော့ နယ်စပ်ကုန်သွယ်ရေးတွေ ဖွံ့ဖြိုးပြီး စီးပွားရေးတံခါးလည်း ဖွင့်လိုက်ပြီဖြစ်လို့ အဲဒီရှုခင်းမျိုး၊ မြင်ကွင်းမျိုး တွေ့ရတော့မယ် မထင်ပါဘူး။

ဘာပဲဖြစ်ဖြစ် စာရှုသူများအခု ကျွန်တော်ရေးခဲ့တဲ့ "နမ့်မယောင်းမှသည် ဧရာဝတီ" စာစုကလေးကို ဖတ်ပြီး ဟိုခေတ်က စစ်သားတွေရဲ့ဘဝကို တစ်စွန်းတစ်စ စာနာနားလည်သွားနိုင်ပြီဆိုရင် ကျွန်တော် တင်ပြရကျိုးနပ်ပြီလို့ ထင်မြင်ယူဆမိကြောင်းပါ ခင်ဗျား။

၃. ၁. ၂၀၀၉

*